# VPAS

ဗစ်တိုးရီးယားပြည်နယ်
သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး သေဆုံးခြင်းအတွက်
အလောင်း ခွဲစိတ် စစ်ဆေးခြင်းဆိုင်ရာ
ဝန်ဆောင်မှု

# သင့်ကလေး သေဆုံးရခြင်း အကြောင်းရင်း ရှာဖွေရန် အလောင်း ခွဲစိတ် စစ်ဆေးခြင်း

သင့်ဆုံးရှုံးမှုအတွက် ကျွန်ုပ်တို့ အလွန်ဝမ်းနည်းကြေကွဲရပါသည်။

သင့်အနေနှင့် ကလေးအတွက် သေဆုံးခြင်း အကြောင်းရင်း ရှာဖွေစစ်ဆေးခြင်း (အလောင်းကို ခွဲစိတ်စစ်ဆေးခြင်း ဟုလည်းခေါ်ကြသည်) ပြုလုပ်ရေးအတွက် စဉ်းစားဆုံးဖြတ်နိုင်ရန် ဤသိကောင်းစရာ အချက်အလက်များကို ပေးခြင်းဖြစ်ပါသည်။

ဤသို့စစ်ဆေးခြင်းက ကျွန်ုပ်တို့ကို သင့်ကလေး မည်သည့်အတွက်ကြောင့် သေဆုံးရကြောင်း တတ်နိုင်သရွေ့ လေ့လာနိုင်ရန် အထောက်အကူ ပြုပါလိမ့်မည်။

သင့် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့ကလည်း ရှေ့ဆက်လုပ်ဆောင်မည့် စစ်ဆေးစုံစမ်းမှုများဆိုင်ရာ သင် ရွေးချယ်နိုင်သည့် နည်းလမ်းများအကြောင်း ဆွေးနွေးပြီး ဖြစ်ပါလိမ့်မည်။

သင့်ကလေး သေဆုံးရခြင်း ရောဂါအကြောင်းရင်း ရှာဖွေရန် ရင်ခွဲစစ်ဆေးခြင်း ပြုလုပ်သင့်၊မလုပ်သင့် ဆုံးဖြတ်ခြင်း အပါအဝင် အခြား စာရွက်စာတမ်းများလည်း သင့်ကို ပေးပြီး ဖြစ်ပါလိမ့်မည်။

အကယ်၍မပေးရသေးပါက သင့်အနေနှင့်မိတ္တူတစ်စုံ တောင်းနိုင်ပါသည်။ သို့မဟုတ် ဤစာစောင်၏အဆုံးမှ QR ကုဒ်ကို စကင်လုပ်ပြီး ဖတ်နိုင်ပါသည်။

ဤအချက်အလက်စာစောင်က ရှေ့ဆက် ဘာဖြစ်မည်၊ အလောင်း ခွဲစိတ် စစ်ဆေးခြင်း မည်သည့်နေရာတွင် ပြုလုပ်မည်နှင့် ပိုမိုသိလိုက မည်သူ့ကို ဆက်သွယ်ရမည်ဆိုသည့်အကြောင်း ဖော်ပြထားပါသည်။

## သင်က ကလေးကို အလောင်း ခွဲစိတ် စစ်ဆေးခြင်းပြုလုပ်ရန် သဘောတူပါက ဘာဖြစ်မည်နည်း။

သင် ကလေးနှင့် အချိန်အတော်ကြာ အတူနေပြီးပါက သင့် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့သည် ဗစ်တိုးရီးယားပြည်နယ် သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး သေဆုံးခြင်းအတွက် အလောင်း ခွဲစိတ် စစ်ဆေးခြင်းဆိုင်ရာ ဝန်ဆောင်မှု (Victorian Perinatal Autopsy Service) (VPAS) ညှိနှိုင်းဆက်သွယ်သူအား သင့်ကလေး ရင်ခွဲစစ်ဆေးရန် အဆင်သင့်ဖြစ်ကြောင်း အသိပေးပါလိမ့်မည်။ VPAS ညှိနှိုင်းဆက်သွယ်သူက သင့်ကလေးကို စစ်ဆေးရန်အတွက် အထူးကုပညာရှင် ရှိရာနေရာသို့ ပို့ပေးရန် စီစဉ်ပါလိမ့်မည်။

သင့်အနေနှင့် သင့်ကလေးကို သင့်စောင့်ရှောက်မှုမှ လက်လွှဲပြီးချိန်မှစပြီး VPAS ညှိနှိုင်းဆက်သွယ်သူအား မေးမြန်းနေနိုင်ပါသည်။ သူတို့သည် သင်မေးသမျှ အားလုံးကို ဖြေရန်နှင့် သင့်ကို အသိပေးနေရန် အဆင်သင့် ရှိကြပါသည်။

ဤသိကောင်းစရာစာစောင်၏အဆုံးတွင် သူတို့ကို ဆက်သွယ်ရန် အချက်အလက်များရှိပါသည်။

## အလောင်း ခွဲစိတ် စစ်ဆေးခြင်းကို မည်သည့်နေရာတွင် ပြုလုပ်မည်နည်း။

သင့်ကလေး အလောင်း ခွဲစိတ် စစ်ဆေးခြင်းကို အောက်ပါနေရာများတွင် ပြုလုပ်ပါမည် -

- ☐ တော်ဝင် အမျိုးသမီးဆေးရုံ၊ ပတ်ခ်ဗီးလ် (တော်ဝင် အမျိုးသမီးဆေးရုံ၊ ရောဂါဗေဒဌာန) (The Royal Women’s Hospital, Parkville (Royal Children’s Hospital Pathology))
- ☐ မောနက်ရှ် ကျန်းမာရေး၊ ကလေတန်၊ မောနက်ရှ် ရောဂါဗေဒဌာန (Monash Health, Clayton (Monash Pathology))
- ☐ အမျိုးသမီးများအတွက် ကရုဏာဆေးရုံ။ ဟိုက်ဒဲလ်ဘာ့ဂ် (ဩော်စတင် ရောဂါဗေဒဌာန) (The Mercy Hospital for Women, Heidelberg (Austin Pathology))

## အလောင်း ခွဲစိတ် စစ်ဆေးခြင်းသည် အချိန်မည်မျှကြာမည်နည်း။

အလောင်း ခွဲစိတ် စစ်ဆေးခြင်းသည် ဓာတ်မှန်ရိုက်ခြင်း၊ MRI ပြုလုပ်ခြင်းများလို ခန္ဓာကိုယ်ပြင်ပ စစ်ဆေးခြင်းများဖြင့် စတင်ပါသည်။ ဤစစ်ဆေးခြင်းများသည် ချက်ခြင်း ဆောင်ရွက်နိုင်သော်လည်း ဝန်ဆောင်မှုများ ပေးနိုင်၊မပေးနိုင်အပေါ် မူတည်ပြီး ရက်အနည်းငယ် ကြာကောင်း ကြာနိုင်ပါသည်။ ဤစစ်ဆေးခြင်းများပြုလုပ်ပြီးချိန်တွင် ခန္ဓာကိုယ်တွင်း စစ်ဆေးခြင်း (ခွဲစိတ်ခြင်း) ပြုလုပ်နိုင်ပါသည်။ ခန္ဓာကိုယ်တွင်း စစ်ဆေးခြင်းသည် အကြမ်းဖျဉ်းအားဖြင့် သုံးနာရီခန့် ကြာမြင့်နိုင်ပါသည်။

သင့်ကလေး အသုဘကိစ္စစီစဉ်ရမည့် အစီအစဉ်များအပေါ် အကျိုးသက်ရောက်မှု ရှိနေသဖြင့် သင့်ကလေး ကျွန်ုပ်တို့နှင့် အချိန်မည်မျှ ကြာကြာရှိနေမည်ဖြစ်ကြောင်း သင်သိရန် အရေးကြီးသည်ကို ကျွန်ုပ်တို့နားလည်ပါသည်။

သင့်ကလေး အထူးကုပညာရှင်၏နေရာသို့ ရောက်ပါက VPAS ညှိနှိုင်းဆက်သွယ်သူသည် သင့်ထံ မည်သည့်အချိန်တွင် သင့်ကလေး ပြန်ပေးနိုင်မည့်အကြောင်း ပိုမိုတိကျစွာ ပြောပြနိုင်ပါလိမ့်မည်။

## အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပြီးဆုံးသည့်အခါ ဘာဖြစ်မည်နည်း။

အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပြီးဆုံးသည့်အခါ အသုဘကိစ္စစီစဉ်သူကို ဆက်သွယ်ပြီး ကျွန်ုပ်တို့ စောင့်ရှောက်မှုမှသည် ထိုသူများထံ သင့်ကလေးကို ကောင်းမွန်စွာနှင့် တလေးတစား လွှဲပြောင်းပေးပါမည်။

## အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပြီးဆုံးသည့်အခါ သင့်ကလေးကို သင် တွေ့နိုင်မည်လား။

တွေ့နိုင်ပါမည်။ အချို့မိဘများသည် အလောင်း ခွဲစိတ် စစ်ဆေးခြင်း ပြီးဆုံးသည့်အခါ အသုဘကိစ္စစီစဉ်သူ လုပ်ငန်းဆောင်ရွက်နေချိန်တွင်ဖြစ်စေ၊ သို့မဟုတ် အချို့ကိစ္စများတွင် နေအိမ်၌ဖြစ်စေ အချိန်ယူပြီးနေရန် ရွေးချယ်ကြပါသည်။

ဤကိစ္စဆုံးဖြတ်ရန်မှာ မိသားစု၏ ကိုယ်ရေးကိုယ်တာကိစ္စသာ ဖြစ်ပါသည်။

သင့်ကလေးအား အပြည့်အစုံ သို့မဟုတ် အကန့်အသတ်ဖြင့် အလောင်း ခွဲစိတ် စစ်ဆေးခြင်းပြုလုပ်ပြီးသည့်အခါ သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး သေဆုံးခြင်းဆိုင်ရာ ရောဂါဗေဒပညာရှင် (ဆရာဝန်) က ကလေး၏ အသားမျှင်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းကို ယူပြီးစစ်ဆေးရန် နှစ်နေရာတွင် ဖွင့်ခြင်း (ဒါးနှင့် ခွဲခြင်း) ပြုလုပ်ပါမည်။ စစ်ဆေးပြီးသည့်အခါ ထို ခွဲစိတ်ထားသည့်နေရာများကို သေချာစွာပြန်ချုပ်ပါမည်။ သင့်ကလေးကို အဝတ်အစားများ ပြန်ဝတ်ပေးပြီး ဦးခေါင်းစွပ်လေး စွပ်ပေးပြီးသည့်အခါ ချုပ်ရိုးများကို မမြင်ရတော့ပါ။

## အလောင်း ခွဲစိတ် စစ်ဆေးခြင်း၏ တွေ့ရှိချက်များကို မည်သည့်အချိန်တွင် ရနိုင်မည်နည်း။

အလောင်း ခွဲစိတ် စစ်ဆေးပြီးနောက် သန္ဓေသား သို့မဟုတ် မွေးကင်းစကလေး ရောဂါ အထူးကုဆရာဝန်သည် ၎င်းတို့တွေ့ရှိထားသည်များကို ရှင်းလင်းတင်ပြမည့် အစီရင်ခံစာတစ်စောင် ရေးသားပါလိမ့်မည်။ ထိုအစီရင်ခံစာသည် လိုအပ်သော စမ်းသပ်မှုများနှင့် တွေ့ရှိချက်များရရှိရန် မည်မျှကြာမည် အချိန်ပေါ်မူတည်ပြီး ပုံမှန်အားဖြင့် 10 ပါတ်မှ 12 ပါတ်အတွင်း ပြီးစီးတတ်ပါသည်။

အစီရင်ခံစာကို သင်နှင့် သင့်ကလေးကို စောင့်ရှောက်ပေးသည့် ဆရာဝန်ထံ ပေးပို့ပါသည်။ သူတို့က သင့်ကလေး အလောင်း ခွဲစိတ် စစ်ဆေးခြင်းမှ တွေ့ရှိရသည်များကို ဆွေးနွေးရန် သင်နှင့် နောက်ဆက်တွဲ ရက်ချိန်း စီစဉ်ပါလိမ့်မည်။

## ပူဆွေးသောကရောက်ချိန် အားပေးကူညီခြင်းနှင့် သိကောင်းစရာများ

အကယ်၍သင် ပိုမိုသိလိုပြီး ကူညီပံ့ပိုးမှု လိုအပ်ပါက သင့်ကို စောင့်ရှောက်သည့်အဖွဲ့ကို ဆွေးနွေးပါ။

သင့်အနေနှင့် ထိုချက်များနှင့် ကုဒ်များကို ဖော်ပြပါနေရာတွင် စကင်လုပ်နိုင်ပါသည် -

**ပူဆွေးသောကရောက်ရောက်နေသော အားကိုးအားထားရသော သိကောင်းစရာများ**

**VPAS မိသားစု အတွက်**

## အကယ်၍သင် ပိုမို အသေးစိတ် သိလိုပါက VPAS ညှိနှိုင်းဆက်သွယ်သူကို ဆက်သွယ်ပါ။

**T** 1800 841 024

**E** VPAC@thewomens.org.au

### အချိန်များ

တနင်္လာနေ့မှ သောကြာနေ့
နံနက် ၉း၀၀ နာရီမှ ညနေ ၅း၀၀နာရီ